# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်

## ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံမှ

## (၅၅)နှစ်မြောက် အာဆီယံနှစ်ပတ်လည်နေ့တွင်

## ပြည်သူသို့ ပေးပို့သည့် သဝဏ်လွှာ

**၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၈ ရက်**

ယနေ့သည် အရှေ့တောင်အာရှ နိုင်ငံများအသင်း (အာဆီယံ)ကို တည်ထောင်ခဲ့သည့် (၅၅)နှစ်မြောက် နှစ်ပတ်လည်အခါသမယ ဖြစ်ပါသည်။ ယခုကဲ့သို့ မင်္ဂလာရှိသည့်အခါသမယတွင် မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားပြည်သူအပေါင်းနှင့် အာဆီယံဒေသအတွင်းရှိ ပြည်သူလူထု တစ်ရပ်လုံး ကောင်းကျိုးချမ်းသာ မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း နှုတ်ခွန်းဆက်သ ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

အာဆီယံနှစ်ပတ်လည်နေ့အထိမ်းအမှတ်သည် နှစ်ပေါင်း (၅၅)နှစ် အတွင်း အာဆီယံအနေဖြင့် နိုင်ငံရေးနှင့် စီးပွားရေးအရ ပေါင်းစည်းညီညွတ်ပြီး

လူထုအခြေပြုသည့် အသိုက်အဝန်းတစ်ခုအဖြစ် တည်ဆောက်ရာတွင် ရရှိခဲ့သော အောင်မြင်မှုများကို ထင်ဟပ်စေသည့်အချိန်အခါကောင်း ဖြစ်ပါသည်။

အာဆီယံကို မူလအဖွဲ့ဝင်နိုင်ငံ(၅)နိုင်ငံဖြင့် စတင်ဖွဲ့စည်းခဲ့သည့် ၁၉၆၇ ခုနှစ်၊ ဩဂုတ်လ ၈ ရက်နေ့ အချိန်ကာလသည် ကမ္ဘာတစ်လွှား စစ်အေးတိုက်ပွဲအင်အား ပြိုင်ဆိုင်မှုများကြောင့် ဒေသတွင်း၌လည်း ပဋိပက္ခများ၊ တင်းမာမှုများရောပြွမ်းနေချိန်ဖြစ်ပါသည်။ အာဆီယံအသင်းကြီး၏ ဆက်လက်တည်တံ့မှုနှင့် ရည်မှန်းချက်များ၊ ကတိကဝတ်များကို ပြည့်ဝစွာဖော်ဆောင်နိုင်မှုအပေါ် မေးခွန်းထုတ်နေချိန်လည်း ဖြစ်ပါသည်။ သို့ရာတွင် အာဆီယံအနေဖြင့် ဆယ်စုနှစ်(၅)ခုကျော်အတွင်း ဒေသတွင်း ပဋိပက္ခများကို သံတမန်ရေးအရ ငြိမ်းချမ်းသောနည်းလမ်းများဖြင့် ကာကွယ်တားဆီးနိုင်ခဲ့ပါသည်။

၁၉၉၉ ခုနှစ်တွင် အာဆီယံအသင်းကြီးကို အရှေ့တောင်အာရှဒေသရှိ နိုင်ငံ(၁၀)နိုင်ငံအထိ တိုးချဲ့ဖွဲ့စည်းနိုင်ခဲ့ပြီး ပြင်ပဆက်ဆံရေးကိုလည်း တိုးမြှင့်ဆောင်ရွက်နိုင်ခဲ့ရာ ယနေ့တွင် အာဆီယံနှင့် ဆွေးနွေးဖက်နိုင်ငံ (၁၁)နိုင်ငံ၊ ကဏ္ဍအလိုက် ဆွေးနွေးဖက်နိုင်ငံ(၄)နိုင်ငံ၊ ဖွံ့ဖြိုးမှုမိတ်ဖက်နိုင်ငံ (၄)နိုင်ငံအထိ ရှိလာပြီဖြစ်ပါသည်။ အာဆီယံအနေဖြင့် ၂၀၂၁ ခုနှစ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊

သြစတြေးလျေနေသဟာယနိုင်ငံတို့နှင့် အဓိပ္ပာယ်ပြည့်ဝ၍ နှစ်ဘက်အကျိုးရှိသည့် ဘက်စုံမဟာဗျူဟာမြောက်ဆွေးနွေးဖက် ဆက်ဆံရေးကို ထူထောင်ပြီးဖြစ်ပါသည်။

အာဆီယံ၏ အကျိုးစီးပွားနှင့် အမှတ်လက္ခဏာကို မြှင့်တင်နိုင်ရန်နှင့် အာဆီယံ၏ ပြင်ပဆက်ဆံရေးကို ပိုမိုအားကောင်းစေရန်အတွက် တတိယနိုင်ငံများနှင့် နိုင်ငံတကာအဖွဲ့အစည်းများ၌ အာဆီယံကော်မတီ စုစုပေါင်း(၅၅)ခုကို ကမ္ဘာတစ်ဝန်းရှိ မြို့တော်များနှင့် မြို့ကြီးများတွင် တည်ထောင်ထားပြီးဖြစ်ကြောင်း အားရဖွယ်တွေ့ရှိရပါသည်။

အာဆီယံအဖွဲ့နှင့် ထိတွေ့ဆက်ဆံလိုသော နိုင်ငံများ၊ အဖွဲ့အစည်းများနှင့် အရှေ့တောင်အာရှချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးစာချုပ်သို့ ပါဝင်လက်မှတ်ရေးထိုးလိုသည့် နိုင်ငံများ ပိုမိုများပြားလာခြင်းသည် အာဆီယံ၏ စံတန်ဖိုးများကို နိုင်ငံတကာမှ ပိုမိုလက်ခံ အသိအမှတ်ပြုလာခြင်းဖြစ်ကြောင်း ပေါ်လွင်ထင်ရှားလျက်ရှိပါသည်။ ယနေ့အချိန်တွင် အာဆီယံသည် အောင်မြင်သော ဒေသတွင်းပေါင်းစည်းမှုပုံစံတစ်ခုဖြစ်လာပြီး ကမ္ဘာ့ရေးရာကိစ္စရပ်များ၌ အရေးပါသည့် ဒေသဆိုင်ရာ အဖွဲ့အစည်းတစ်ခုအဖြစ်သို့ ရောက်ရှိနေပြီဖြစ်ပါသည်။

လွန်ခဲ့သောနှစ်များအတွင်း အာဆီယံနိုင်ငံများသည် စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုနှင့်အတူ ပြည်သူများ၏လူနေမှုအဆင့်အတန်း မြင့်မားစေသည့် အသိုက်အဝန်း

တစ်ခုကို အတူတကွတည်ဆောက်ခဲ့ကြပါသည်။ ယနေ့တွင် အာဆီယံသည် စီးပွားရေးအရ အာရှတိုက်တွင် တတိယနှင့် ကမ္ဘာတွင် ဆဋ္ဌမမြောက်အဆင့်အထိ ရောက်ရှိအောင်မြင်ခဲ့ပြီဖြစ်ပါသည်။

ယင်းကဲ့သို့ အောင်မြင်မှုများစွာ ရရှိနေသော်လည်း အာဆီယံအနေဖြင့် သမားရိုးကျနှင့် သမားရိုးကျမဟုတ်သည့် စိန်ခေါ်မှုများဖြစ်သော နယ်စပ်ဖြတ်ကျော် မှုခင်းများ၊ မူးယစ်ဆေးဝါးမှောင်ခိုမှု၊ လူမှောင်ခိုကုန်ကူးမှု၊ အကြမ်းဖက်မှု၊ ဆိုက်ဘာလုံခြုံရေး၊ ရာသီဥတုပြောင်းလဲမှု၊ ကူးစက်ရောဂါများ၊ အစားအစာနှင့် စွမ်းအင်လုံခြုံရေးစသည်တို့ကိုလည်း ရင်ဆိုင်ရလျက်ရှိပါသည်။

သို့ဖြစ်ရာ ၂၀၂၂ ခုနှစ်၊ အာဆီယံအလှည့်ကျဥက္ကဋ္ဌ ကမ္ဘောဒီးယားနိုင်ငံမှ **“စိန်ခေါ်မှုများကို စုစည်းညီညွတ်စွာ ဖြေရှင်းကြစို့”** ဟူသော ဆောင်ပုဒ်ကို ယခုနှစ် အတွက် ရွေးချယ်ခဲ့ခြင်းမှာ သင့်လျော်ကောင်းမွန်ပါသည်။ အာဆီယံ၏ **“စုစည်း ညီညွတ်မှု”** စိတ်ဓါတ်ဖြင့် လိုက်လျောညီထွေရှိပြီး ငြိမ်းချမ်းသာယာဝပြောသည့် အသိုက်အဝန်းတစ်ခုအဖြစ် ဆက်လက်ထူထောင်ကြရမည်ဖြစ်ပါသည်။

စိန်ခေါ်မှုများစွာအနက် ၂၀၂၀ ပြည့်နှစ် အစောပိုင်းကာလမှစ၍ ဖြစ်ပွားလျက် ရှိသည့် ကိုဗစ်-၁၉ ကပ်ရောဂါမှာ ဒေသတွင်းဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ၏

ဘဝအပေါ် ထိခိုက်စေခဲ့ပြီး အာဆီယံအသင်းကြီး၏ ကြိုတင်ပြင်ဆင်မှု၊ တုံ့ပြန်နိုင်စွမ်း ရှိမှုနှင့် ကြံ့ကြံ့ခံနိုင်စွမ်းတို့ကို စမ်းသပ်လျက်ရှိပါသည်။

သို့ရာတွင် အာဆီယံ၏ စုပေါင်းအင်အားနှင့် ကြံ့ကြံ့ခံနိုင်မှုတို့ကြောင့် အာဆီယံအနေဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါနှင့် နောက်ဆက်တွဲ လူမှုစီးပွား ထိခိုက်မှုများကို အာဆီယံဘက်စုံ ပြန်လည်ထူထောင်ရေးမူဘောင်၊ အာဆီယံ ခရီးသွားစကြံ့ သဘောတူညီချက်မူဘောင်နှင့် ပြည်သူ့ကျန်းမာရေး အရေးပေါ် အခြေအနေများနှင့် ကူးစက်ရောဂါများအတွက် အာဆီယံဗဟိုဌာနတို့မှတစ်ဆင့် ဒေသတွင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များကို ထိရောက်လျင်မြန်စွာ ကိုင်တွယ်ဖြေရှင်းနိုင်ခဲ့ပါသည်။

အာဆီယံသည် အင်အားကြီးနိုင်ငံများအကြား ပထဝီဝင်နိုင်ငံရေးနှင့် စီးပွားရေး အားပြိုင်မှုတို့မှတစ်ဆင့် ပေါ်ပေါက်လာသည့် ဖိအားများနှင့် လွှမ်းမိုးမှုများကို စုစည်းညီညွတ်စွာ ကြံ့ကြံ့ခံနိုင်စွမ်းရှိရမည်ဖြစ်ပြီး အာဆီယံ၏ ဦးဆောင်မှု အောက်ရှိ ယန္တရားများမှတစ်ဆင့် ပွင့်လင်းမြင်သာ၍ အားလုံးပါဝင်သော စည်းမျဉ်းအခြေပြုသည့် ဒေသဆိုင်ရာဗိသုကာပုံစံတစ်ရပ်ကို မြှင့်တင်ဖော်ဆောင် ကြရမည်ဖြစ်ပါသည်။

ယခုကဲ့သို့ စိန်ခေါ်မှုများနှင့် ပြည့်နှက်နေသည့်ကာလအတွင်း အာဆီယံ ပဋိညာဉ်စာတမ်းပါ အခြေခံမူများနှင့် စံတန်ဖိုးများ၊ အရှေ့တောင်အာရှ ချစ်ကြည်ရေး နှင့် ပူးပေါင်းဆောင်ရွက်ရေးစာချုပ်၊ အင်ဒို-ပစိဖိတ်ဆိုင်ရာ အာဆီယံ၏သဘောထား အမြင်တို့အပေါ်အခြေခံပြီး အာဆီယံ၏ဗဟိုအချက်အချာကျမှုနှင့် စည်းလုံးညီညွတ်မှု ကို ခိုင်မာစွာ ကိုင်စွဲထားရန် အလွန်ပင်အရေးကြီးပါသည်။ အာဆီယံ၏အခြေခံမူ များကို မြှင့်တင်ခြင်းဖြင့် အာဆီယံဦးဆောင်မှုအောက်ရှိ ယန္တရားများနှင့် အာဆီယံ ကို ဗဟိုပြုသည့် ဒေသဆိုင်ရာဗိသုကာပုံစံကို ပိုမိုခိုင်မာအားကောင်းစေမည် ဖြစ်သည့်အပြင် အရှေ့တောင်အာရှဒေသ၊ အာရှ-ပစိဖိတ်ဒေသနှင့် အင်ဒို-ပစိဖိတ် ဒေသရှိ ပြည်သူများအတွက်လည်း တည်ငြိမ်အေးချမ်းရေး၊ လုံခြုံရေးနှင့် ချမ်းသာ ကြွယ်ဝမှုတို့ကို မြှင့်တင်ပေးနိုင်မည်ဖြစ်ပါသည်။

အာဆီယံတူညီဆန္ဒကို အခြေပြုသည့်လမ်းစဉ်နှင့်အတူ လွတ်လပ်မှု၊ အချုပ် အခြာအာဏာနှင့် နယ်မြေတည်တံ့မှု၊ သာတူညီမျှမှုနှင့် ဝင်ရောက်မစွက်ဖက်ရေးမူ တို့အား အာဆီယံအဖွဲ့ဝင်နိုင်ငံအားလုံးက လေးစားလိုက်နာခြင်းဖြင့် **“မတူကွဲပြားမှုများအကြား စည်းလုံးညီညွတ်မှု”** ရှိသည့် အာဆီယံမိသားစုကြီး အဖြစ် တစ်စုတစ်စည်းတည်းဖြစ်စေရုံသာမက ဒေသတွင်းရှိ ပြည်သူများအတွက် လည်း အကျိုးကျေးဇူးများစွာ ဖြစ်ထွန်းစေမည်ဖြစ်ပါသည်။

အာဆီယံအသိုက်အဝန်း မျှော်မှန်းချက် ၂၀၂၅ နှင့် ဒေသဆိုင်ရာ ပေါင်းစည်းရေး ရည်မှန်းချက်များအား အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှုတွင် အားလုံးပါဝင်မှုရှိရေး၊ အမျိုးသမီးနှင့် လူငယ်များ၏ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှု မြှင့်တင်ရေးတို့ကို ဆောင်ရွက်ခြင်းတို့အပြင် အာဆီယံ၏ သွင်ပြင်လက္ခဏာနှင့် အာဆီယံ ပုံရိပ်မြှင့်တင်ခြင်းမှာလည်း အရေးကြီးပါသည်။

မြန်မာနိုင်ငံအနေဖြင့် ၁၉၉၇ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်နေ့တွင် အာဆီယံ အသင်းကြီး၏ အဖွဲ့ဝင်နိုင်ငံဖြစ်လာချိန်မှစ၍ တာဝန်ယူမှု၊ တက်ကြွမှုနှင့် အပြုသဘောဆောင်ရွက်မှုရှိသည့် အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံအဖြစ် အာဆီယံ အသိုက်အဝန်း ထူထောင်ရေးကြိုးပမ်းမှုများတွင် အားတက်သရော ထောက်ခံပံ့ပိုး ခဲ့သည်မှာ အထင်အရှားဖြစ်ပါသည်။

အာဆီယံပေါင်းစည်းရေး ဦးဆောင်ဦးရွက်ပြုမှုလုပ်ငန်း အစီအစဉ်-၄ (၂၀၂၁-၂၀၂၅)၊ အာဆီယံပေါင်းစပ်ဆက်သွယ်မှုမဟာစီမံကိန်း ၂၀၂၅ အပါအဝင် အာဆီယံအသိုက်အဝန်း ထူထောင်မှုလုပ်ငန်းစဉ်များနှင့် အာဆီယံ အသိုက်အဝန်း လမ်းပြမြေပုံ ၂၀၂၅ ၏ အဓိကလုပ်ငန်းစဉ်များတွင် တိုးတက်မှုရှိစေရေးအတွက် မြန်မာနိုင်ငံမှ အလေးထားဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံအနေဖြင့် ၂၀၂၂ ခုနှစ်၊ အာဆီယံအလှည့်ကျဥက္ကဋ္ဌ ကမ္ဘောဒီးယားနိုင်ငံအပြင် အာဆီယံအဖွဲ့ဝင်နိုင်ငံအားလုံးနှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသကဲ့သို့ အာဆီယံပဋိညာဉ်စာတမ်း၊ အရှေ့တောင်အာရှ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးစာချုပ်၊ အင်ဒို-ပစိဖိတ်ဆိုင်ရာ အာဆီယံ၏ သဘောထားအမြင်တို့တွင် ပါရှိသည့် အခြေခံမူများနှင့် စံတန်ဖိုးများ အပေါ် ခိုင်မာစွာ ဆက်လက်ရပ်တည်သွားမည်ဖြစ်ပါသည်။ ဒေသတွင်းရှိ ပြည်သူများ အားလုံးအတွက် အကျိုးကျေးဇူး ဖြစ်ထွန်းစေရေး ဘုံရည်မှန်းချက်ကို အကောင်အထည်ဖော်နိုင်ရန် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ အာဆီယံဆွေးနွေးဖက် နိုင်ငံများ၊ အာဆီယံ၏ပြင်ပမိတ်ဖက်နိုင်ငံများနှင့် အပြုသဘောပူးပေါင်းဆောင်ရွက် မှုများကို တိုးမြှင့်သွားမည်ဖြစ်ပါသည်။

အာဆီယံအသင်းကြီး၏ (၅၅)နှစ်မြောက် နှစ်ပတ်လည် အခါသမယတွင် မြန်မာပြည်သူပြည်သားများ အားလုံးကို ဒေသတွင်းနှင့် ဒေသပြင်ပ တည်ငြိမ် အေးချမ်းရေး၊ ကြွယ်ဝချမ်းသာရေးတို့အတွက် အာဆီယံအသင်းကြီး၏ မျှော်မှန်းချက်များနှင့် အာဆီယံအသိုက်အဝန်း ထူထောင်ရေးလုပ်ငန်းများတွင် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ကြပါရန် တိုက်တွန်းအပ်ပါသည်။

**Republic of the Union of Myanmar**

**Message from Senior General Min Aung Hlaing,**

**Chairman of the State Administration Council Prime Minister**

**on the occasion of the 55th Anniversary of ASEAN**

**8 August 2022**

Today marks the 55th anniversary of the Association of Southeast Asian Nations (ASEAN). On this auspicious occasion, I take a great pleasure in extending my warmest greetings and best wishes to our fellow citizens and to the peoples of the ASEAN Member States.

The commemoration of ASEAN Day gives us a timely opportunity to reflect on the achievements of ASEAN over the past 55 years in building a politically cohesive, economically

integrated, socially responsible and truly people–oriented, people–centred community.

When ASEAN was established on 8 August 1967 with its original five Member States, the Cold War loomed over all countries and the region was rife with tensions and conflicts. There was skepticism about the continued existence of the Association and lingering doubts on in meeting its aspirationsand commitments. However, over five decades, ASEAN was able to prevent the escalation of conflicts in the region through peaceful means and diplomacy.

In this regard, ASEAN has grown from strength to strength with its remarkable expansion to ten Member States in 1999 while strengthening its external relations with eleven Dialogue Partners, four Sectoral Dialogue Partners and four Development Partners. In 2021, ASEAN established the Comprehensive Strategic Partnership (CSP) with the People's Republic of China

and the Commonwealth of Australia further deepening meaningful, substantive and mutually beneficial relations with respective countries.

It is encouraging to note that ASEAN has formally established fifty five ASEAN Committees in Third Countries and International Organisations (ACTCs) in the national capitals and other key cities across the world in order to promote ASEAN's interest and identity as well as to facilitate for further strengthening ASEAN's external relations.

Moreover, the growing number of interested parties pursuing to engage with ASEAN and to accede to the Treaty of Amity and Cooperation in Southeast Asia (TAC) demonstrates that ASEAN's norms and values are increasingly embraced by the international community. Nowadays, ASEAN has become a successful model of regionalism in maintaining peace, security and stability and has evolved into an important regional organisation in global affairs.

Over the years, we have built together a Community which has experienced economic development, social progress raising the living standards and well-being for our peoples. Today, ASEAN has made significant progress to become the third largest economy in Asia and the sixth largest in the world.

Despite attaining significant achievements in many areas, ASEAN is facing persisting and emerging regional and global challenges ranging from traditional to non-traditional issues such as trans-national crimes, illicit drug trafficking, trafficking-in-persons, terrorism, cyber security, climate change, emerging infectious diseases, food and energy security.

In this regard, it is most befitting and relevant that Cambodia as the Chair of ASEAN in 2022 has selected "ASEAN A.C.T.: Addressing Challenges Together" as a theme for this year. The ASEAN spirit of "Togetherness" guides us to make further

progress towards a more harmonious, peaceful, prosperous and resilient Community as a united family of ten members.

Out of key challenges facing our region, ASEAN has been tested for its preparedness, responsiveness and resilience amidst the ongoing COVID–19 pandemic adversely affecting regional development and causing immense hardships to people's life since early 2020.

However, due to our collective efforts and resilience, ASEAN has been able to manage the COVID–19 pandemic and associated socio–economic impacts through concrete measures such as implementing the ASEAN Comprehensive Recovery Framework, the ASEAN Travel Corridor Arrangement Framework and the establishment of the ASEAN Centre for Public Health Emergencies and Emerging Diseases for an expeditious, comprehensive and sustainable recovery in our region.

ASEAN must be resilient, united and strong against the pressure and influence stemming from rising geo-political confrontations and economic competition among major powers to further promote an open, transparent, inclusive and rules-based regional architecture that is based upon ASEAN-led mechanisms.

During such challenging times, it is crucial that ASEAN Centrality, unity and solidarity are upheld based on the fundamental principles and norms of ASEAN as stipulated in the ASEAN Charter, the TAC and the ASEAN Outlook on the Indo-Pacific (AOIP). Promoting those ASEAN principles would also help strengthen ASEAN-led mechanisms and ASEAN-centred regional architecture promoting peace, stability, security and

prosperity for the peoples in the Southeast Asia and the wider Asia–Pacific and Indian Ocean regions or the Indo–Pacific.

There is no doubt that key enablers such as the mutual respect for independence, sovereignty and territorial integrity, equality and non–interference, along with the consensus–based approach not only bind all ASEAN Member States as a strong family of "Unity in Diversity" but also bring about many fruitful benefits to our peoples in the region.

In realizing the ASEAN Community Vision 2025 and our regional integration commitments, it is essential for all ASEAN Member States to enhance ASEAN identity and raise ASEAN awareness while strengthening more inclusive human resource development, empowering women and youth as well as promoting people–to–people bonds across the region.

Since her admittance to the Association’s membership on 23 July 1997, Myanmar has proven to be a responsible, proactive and constructive member of ASEAN, and a strong supporter of the ASEAN Community Building efforts.

Myanmar is committed to advancing the ASEAN Community building process and its key initiatives under the three ASEAN Community Blueprints 2025, including the Initiative for ASEAN Integration Work Plan IV (2021–2025) and the Master Plan on ASEAN Connectivity 2025.

While working closely with Cambodia as ASEAN Chair in 2022 and with all ASEAN Member States, Myanmar will continue to stand on the fundamental principles and norms enshrined in the ASEAN Charter, the Treaty of Amity and Cooperation in Southeast Asia (TAC) and the ASEAN Outlook on the Indo–Pacific

(AOIP) by promoting constructive cooperation with all ASEAN Member States and external partners including with our Dialogue Partners aiming to achieve our common goals for the benefit of all our peoples in the region.

On this auspicious 55th anniversary of ASEAN, I would like to encourage all our citizens to actively join us in realizing ASEAN's aspirations and in contributing to the advancement of our community building efforts that will promote peace, stability and prosperity in our region and beyond.